# ဆိုဆုံးမခက်အောင် ပြုတတ်သောတရားများ

၁။ ထင်ရှားမရှိသောဂုဏ်တို့ဖြင့် ချီးမွမ်းခြင်းကို တောင့်တသည့်
အောက်တန်းကျသော စိတ်ဓာတ်ရှိ၏။
အောက်တန်းကျသော စိတ်ဓာတ်နောက်သို့ လိုက်ပါနေသူဖြစ်၏။

၂။ မိမိကိုယ့်ကို မြှင့်တင်၍ သူတစ်ပါးကို နှိမ့်ချတတ်သူဖြစ်၏။

၃။ အမျက်ဒေါသကြီး၍ အမျက်ဒေါသသည် အနိုပ်စက်ခံနေရသူဖြစ်၏။

၄။ အမျက်ဒေါသကြီး၍ ရန်ငြိုးထားတတ်သူဖြစ်၏။

၅။ အမျက်ဒေါသကြီး၍ အမျက်ဒေါသဖြင့် ကပ်ငြိတတ်သူဖြစ်၏။

၆။ အမျက်ဒေါသကြီး၍ အမျက်ဒေါသနှင့် နီးစပ် ဆက်စပ်သောစကားကို
ပြောဆိုတတ်သူဖြစ်၏။

၇။ မိမိအပြစ်ကို ဝေဖန်ထောက်ပြလာလျှင် ထိုဝေဖန်ထောက်သူကို ဆန့်ကျင်ဘက်
အတိုက်အခံပြုတတ်သူဖြစ်၏။

၈။ မိမိအပြစ်ကို ဝေဖန်ထောက်ပြလာလျှင် ထိုဝေဖန်ထောက်သူကို
ခြိမ်းခြောက်တတ်သူဖြစ်၏။

၉။ မိမိအပြစ်ကို ဝေဖန်ထောက်ပြလာလျှင် ထိုဝေဖန်ထောက်သူကို ပြန်၍
အပြစ်ရှာတတ်သူဖြစ်၏။

၈။ မိမိအပြစ်ကို ဝေဖန်ထောက်ပြလာလျှင် ထိုအပြစ်တင်ဝေဖန်သောစကားကို
အခြားအကြောင်းအရာဖြင့် ဖုံးကွယ်တတ်သူဖြစ်၏။

၉။မေးနေသော အကြောင်းအရာကို ပြည့်စုံအောင် မဖြေဆိုဘဲ နေတတ်သူဖြစ်၏။

၁၀။ သူတစ်ပါးကို ကျေးဇူးတရားကို ချေဖျက်၍ ဂုဏ်တုဂုဏ်ပြိုင်
ပြုလုပ်တတ်သူဖြစ်၏။

၁၁။ မနာလို၍ ဝန်တိုတတ်သူဖြစ်၏။

၁၂။ ကောက်ကျစ်၍ လှည့်စားတတ်သူဖြစ်၏။ (သာဌေယျ၊ မာယာရှိသူဖြစ်၏)

၁၃။ ကြမ်းတမ်းခက်ထန်၍ ဘဝင်မြင့်သူဖြစ်၏။

၁၄။ အယူအဆများကို လက်ခံထား၍ စွဲမြဲစွာ ဆုပ်ကိုင်ထားသူဖြစ်၏။

(အနုမာနသုတ်၊ မူလပဏ္ဏာသ၊ ၁၃၂)